Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (011/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၁/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့မှ ဧပြီလ (၁၀) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- နအဖမှ ပြင်ဆင်နေသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် တပ်ပိုင်းမှ အရာရှိကြီးများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တပ်တွင်းအပြောင်းအလဲများ ပြုလုပ်နေသည်။ **(DVB 040410)** **Read More...**
- ဧရာဝတီတိုင်း လပွတ္တာမြို့တွင် ရွေးကောက်ပွဲအတွက်ဟုဆိုကာ ယခုလဆန်းမှစ၍ အိမ်ထောင်စုစာရင်းများကို ဒေသခံအာဏာပိုင်များက လိုက်လံကောက်ယူနေသည်။ **(DVB 050410)** **Read More...**
- ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်တို့ရှိ ကြံ့ဖွံ့အသင်းဝင်များထဲမှ သီးသန့်အမာခံအင်အားစုများကို ရွေးချယ်စုဆောင်းနေကြောင်း ကြံ့ဖွံ့အဖွဲ့ဝင်လူငယ်တစ်ဦးက ပြောသည်။ **(NEJ 060410)** **Read More...**
- ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရာထူးမှ နုတ်ထွက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) က တည်ထောင်မည့်ပါတီကို ခေါင်းဆောင်ရမည်ဟု စစ်အစိုးရအသိုင်းအဝိုင်းကြားတွင် ပြောဆိုနေကြကြောင်း အစိုးရနှင့် နီးစပ်သူများက ပြောသည်။ **(NEJ 060410)** **Read More...**
- စစ်အစိုးရက ၂၀၀၈ ဖွဲ့စည်းပုံအား လူများစုက လက်ခံသည်ဟု ထင်မြင်စေမည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းများကိုသာ ရေးသားခွင့်ပြုထားကြောင်း ရန်ကုန်အခြေစိုက် အယ်ဒီတာများက ပြောသည်။ **(Mizzima 060410)** **Read More...**
- ရှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့အတွင်းနေထိုင်သူ အသက် ၁၈ နှစ်အထက် လူဦးရေစာရင်းများကို ရွေးကောက်ပွဲတွင် မဲထည့်ရန်အတွက် ရပ်ကွက်အာဏာပိုင်များက လိုက်လံကောက်ယူနေကြောင်း ဒေသခံများက ပြောသည်။ **(S.H.A.N 060410)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့)သည် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့တွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်၍ ရွေးကောက်ပွဲတွင် ကြိုတင်မဲများ ရရှိရေးအတွက် စည်းရုံးနေသည်ဟု ဖော့ကန်ရပ်ကွက် ဒေသခံ အာဏာပိုင် အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(Irrawaddy 070410)** **Read More...**
- ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **(USDA)** ကို မဲထည့်ပါက ပိတ်ထားသည့် ဗလီဝတ်ကျောင်းများကို ပြန်ဖွင့်ခွင့်ပြုမည်ဟု စစ်အစိုးရမီးရထားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မကြာသေးခင် ရက်ပိုင်းက တောင်ငူမြို့သို့ ရောက်ရှိလာစဉ် ပြောကြားခဲ့သည်ဟု တောင်ငူမြို့ခံမွတ်စလင် လူမျိုးတစ်ဦးကပြောသည်။ **(Irrawaddy 070410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရခန့်အပ်လိုက်သည့် စစ်ဗိုလ်ချုပ်ဟောင်းများ ဦးဆောင်သည့် ရွေးကောက်ပွဲကော်မရှင်က လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ကြီးကြပ်ရန် အစိုးရဝန်ထမ်း (၂၅၂) ဦးကို ယခုလ ဧပြီ (၇) ရက်မှ (၉) ရက်နေ့အထိ (၃) ရက်သင်တန်း စတင်ပေးနေပြီဖြစ်သည်။ **(NEJ 080410)** Read More...
- အင်းစိန်ထောင်တွင်းတွင် ဆူပူမှုတစ်ရပ် ပြုလုပ်မည်ဆိုသည့် သတင်းပေးချက်ကြောင့် ရွှေပြည်သာအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးမြင့်ထွန်းနှင့်အတူ ၃ ဦးကို အာဏာပိုင်များက စစ်ခွေးတိုက်ကို ပို့ထားကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။ **(DVB 080410)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲအတွက် စည်းရုံးသည့်အနေဖြင့် အာဏာပိုင်များက ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင်များကို နိုင်ငံသားစီစစ်ရေးကဒ်ပြားများထုတ်ပေးနေကြောင်း ဒေသခံမွတ်ဆလင်လူမျိုးတစ်ဦးက ပြောသည်။ **(DVB 080410)** Read More...
- နိုင်ငံရေးပြစ်မှုဖြင့် စစ်အစိုးရထောင်တွင် အကျဉ်းကျခံရသော ၂၀၀၇ မျိုးဆက်ကျောင်းသားခေါင်းဆောင် (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်) ကျော်ကိုကိုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲမဝင်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုလိုက် ခြင်းကြောင့် အာဏာပိုင်များက ၎င်းအား ထပ်မံတရားစွဲဆိုလိုက်သည်။ **(RFA 080410)** Read More...
- ရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်ရသေးသော်လည်း ကြံ့ဖွံ့အဖွဲ့က ရခိုင်ပြည်နယ်တွင် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ အင်တိုက်အားတိုက် ပြုလုပ်နေကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(Narinjara 100410)** Read More...

အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးခြင်းသည် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် နိုင်ငံရေးအကျပ်အတည်းများကို ပြေလည်စေမည့် အဓိကသော့ချက်ဖြစ်ကြောင်း ဝါရင့်နိုင်ငံရေးသမားကြီးသခင်ချန်းထွန်းက ပြောကြားလိုက်သည်။ **(DVB 040410)** Read More...
- ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ နေရာ အနိုင်ရခဲ့သည့် ဇိုမီးအမျိုးသားကွန်ဂရက်ပါတီ **ZNC** အနေဖြင့် စစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု ဆုံးဖြတ် လိုက်ပြီဖြစ်ကြောင်း ပါတီဥက္ကဌ ဦးပူကျင်ရှင်းထန်က ပြောသည်။ **(RFA 040410)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းပေးနိုင်မည်မဟုတ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးအတွက်လည်း အပြောင်းအလဲ ပြုလုပ်ပေးနိုင်မည်မဟုတ်ကြောင်း ဇိုမီးအမျိုးသားကွန်ဂရက် **(Zomi National Congress - ZNC)** ဥက္ကဌ ဦးပူကျင့်ရှင်းထန်က ထောက်ပြပြောဆိုလိုက်သည်။ **(NEJ 050410)** Read More...
- **NLD** သည် မေလ ၇ ရက်နေ့ မတိုင်မီ ရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ခြင်း မပြုဟု ဆုံးဖြတ်ထားသဖြင့် တရားဝင်ပါတီအဖြစ်မှ ဖျက်သိမ်းခံရပါက ပါတီပိုင်ပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ **(Irrawaddy 050410)** Read More...
- လာမည့်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ပြီးနောက် မန္တလေးတိုင်းပါတီရုံးကို အာဏာပိုင်များမှ အမျိုးမျိုးဖိအားပေးလာသောကြောင့် ယခုလ ၃ ရက်နေ့က ပိတ်လိုက်ရသည်။ **(RFA 050410)** Read More...
- "အာဏာပိုင်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ကို ပျက်သုန်းသွားစေချင်သော်လည်း တရားဝင်ဖျက်သိမ်းရေးကိုတော့ **NLD** အဖွဲ့ဝင်များကိုဘဲ တာဝန်ယူခိုင်းနေကြောင်း" ပါတီဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(BBC 050410)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးကို ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အနေဖြင့် နိုင်ငံတဝှမ်းလုံးရှိမိမိတို့ပါတီအား ထောက်ခံသူများကို တောင်းပန်လိုက်သည်။ **(Irrawaddy 060410)** **Read More...**
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ဥပဒေ အကျိုးဆောင်များနှင့် ယနေ့တွေ့ဆုံကာ ဆက်လက်ဖမ်းဆီးခံထားရသည့်အမှုနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ကြသည်။ **(VOA 070410)** **Read More...**
- ပါတီမှတ်ပုံမတင်ခြင်းနှင့် ရွေးကောက်ပွဲမဝင်ခြင်းတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ဆုံးဖြတ်လိုက်သည့် အတွက် ဝမ်းမြောက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ယနေ့ပြောကြားလိုက်သည်ဟု ရှေ့နေဦးဉာဏ်ဝင်းမှ ပြော သည်။ **(Irrawaddy 070410)** **Read More...**
- မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးကြရန် ပြည် တွင်းကျောင်းသားအဖွဲ့များနှင့် သံဃာအဖွဲ့များက အာဆီယံခေါင်းဆောင်များကို တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 070410)** **Read More...**
- မြန်မာစစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ဒီမိုကရေစီနည်းလမ်းမကျ သဖြင့် ပြင်ဆင်မှုများလုပ်ရန် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရခဲ့သည့် စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးစုများ မဟာမိတ်အဖွဲ့ **(UNA)** က တောင်းဆိုလိုက်သည်။ **(VOA 070410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က စစ်အစိုးရအပေါ် တရားစွဲဆိုခဲ့ခြင်းကို တရားရုံးချုပ်က အကြောင်းပြချက် မပေးဘဲ ငြင်းဆန်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် တရားရုံးချုပ် တရားသူကြီးထံ ယနေ့အကြောင်း ကြားလိုက်သည်။ **(NEJ 080410)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ခေါင်းဆောင်များက လာမည့် မေလ (၇) ရက်နေ့နောက်ပိုင်း ပါတီဆိုင်းဘုတ် များကို ဖြုတ်သိမ်းမည်မဟုတ်ကြောင်း မကြာသေးခင်က ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်ဟု ပါတီသတင်း ရပ်ကွက်မှ ဆိုသည်။ **(Irrawaddy 080410)** **Read More...**
- စစ်အစိုးရကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံမတင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက် ကို ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအနိုင်ရ ကမ္ဘာ့နှံ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထောက်ခံကြိုဆို လိုက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်ဟု အဖွဲ့ချုပ်ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ **(DVB 080410)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အဘယ့်ကြောင့် မှတ်ပုံထပ်မံမတင်ရခြင်းနှင့် ပတ်သက်၍ ယခုလ ၆ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားလွှာများကို ဒေသခံပြည်သူများ ပိုမိုသိရှိရန် အတွက် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင်များက လိုက်လံဖြန့်ဝေနေသည်။ **(RFA 100410)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ် ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** နှင့် နအဖ တပ်ဖွဲ့တို့အကြား ဧပြီလ ၇ ရက်နေ့မှစ၍ ယနေ့အထိ သုံးရက်ဆက်တိုက် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ဗိုလ် (၂) ဦးအပါအဝင် ၄ ဦး ကျဆုံးခဲ့သည်ဟု **KNU** တပ်မဟာ (၇) မှ ထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။ **(KIC 090410)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- နအဖစစ်အစိုးရ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကို တိုက်ဖျက်ရန် လူထုတိုက်ပွဲအပါအဝင် တိုက်ပွဲနည်းလမ်းပေါင်းစုံဖြင့် လှုပ်ရှားနေပြီဖြစ်သောကြောင့် လူထုတစ်ရပ်လုံးပါဝင်ဆန့်ကျင်ရန် နယ်စပ်တွင် ဖွဲ့စည်း လိုက်သည့် လူထုတိုက်ပွဲကော်မတီ–၂၀၁၀ က ပြောကြားလိုက်သည်။ **(NEJ 050410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## အပစ်ရပ်အဖွဲ့အစည်းများ

### (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** မှ ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ် ဂေါ်လီဇော်ဆိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စစ်ဖက်ရေးရာလုံခြုံရေးအရာရှိချုပ် (စရဖ) ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်တို့ ယမန်နေ့က မြစ်ကြီးနားမြို့မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်၌ တွေ့ဆုံခဲ့ရာ ယခုလ ၂၈ ရက်နေ့ နောက်ဆုံးထား၍ နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် **KIO** အဖွဲ့အား နအဖက ရက်သတ်မှတ်ပေးလိုက်သည်။ **(NEJ 050410)** **Read More...**
- ဧပြီလ ၂၂ ရက်နေ့ မတိုင်မီ နယ်ခြားစောင့်တပ်အဖြစ် အသွင်မပြောင်းပါက အင်အားအကြီးဆုံး တိုင်းရင်းသားလက်နက်ကိုင်အပစ်ရပ်အဖွဲ့ဖြစ်သည့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** ကို မတရားအသင်းအဖြစ် ကြေညာမည်ဟု အစိုးရမှ ခြိမ်းခြောက်ပြောဆိုလိုက်သည်။ **(Irrawaddy 050410)** **Read More...**
- ၂၀၀၉ နိုဝင်ဘာ ၁၀ ရက်နေ့ ရက်စွဲဖြင့် နအဖထံတောင်းဆိုထားသည့် အချက် ၉ ချက်အား ပယ်ဖျက်ကာ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးဆိုင်ရာ အဓိကအကြောင်းအရာ ၈ ချက်ပါ တောင်းဆိုချက်အသစ်ဖြင့် မတ်လ ၃၁ ရက်နေ့က ဝ ခေါင်းဆောင် ပေါက်ယူချမ်းမှ ထပ်မံစာရေးတောင်းဆိုခဲ့သည်ဟု အမည်မဖော်လိုသည့် သုံးသပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 050410)** **Read More...**
- ဝနယ်ထဲသို့ အလုပ်ပြန်ဝင်သည့် **UN, NGO** ဝန်ထမ်းများအား ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒု–ဥက္ကဋ္ဌ ရှောက်မင်လျံက တွေ့ဆုံအားပေး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း ၎င်းအခြေအနေကို လေ့လာစောင့်ကြည့်သူတစ်ဦးက ပြောသည်။ **(S.H.A.N 080410)** **Read More...**
- မွန်ပြည်သစ်ပါတီ **(NMSP)** ကို ယခုလ ၂၈ ရက်နေ့နောက်ဆုံးထား၍ နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် စစ်အစိုးရ အာဏာပိုင်များက ညွှန်ကြားထားကြောင်း မွန်ပြည်သစ်ပါတီနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 090410)** **Read More...**
- ကရင်အပစ်ရပ်အဖွဲ့များအားလုံး ယခုနှစ်လည်မတိုင်မီ နယ်ခြားစောင့်တပ် အသွင်ပြောင်းမှုကို လက်မခံပါက အခြေအနေဆိုးများနှင့် ရင်ဆိုင်ရမည်ဟု နအဖကပြောဆိုကြောင်း ကရင်အပစ်ရပ်အဖွဲ့တစ်ခုမှ အဆင့်မြင့်ခေါင်းဆောင်တစ်ဦးက ပြောသည်။ **(NEJ 090410)** **Read More...**
- စစ်အစိုးရထံလိပ်မူ ရေးသားပေးပို့ခဲ့သည့် တောင်းဆိုချက် ၈ ချက်အပေါ် နအဖက အမှန်တကယ်လက်ခံအတည်ပြုမည်ကို ဝ အရာရှိများမှ ပြန်လည်စိုးရိမ်နေကြကြောင်း အမည်မဖော်လိုသည့် ဝ အရာရှိတစ်ဦးက ပြောသည်။ **(S.H.A.N 090410)** **Read More...**
- ယမန်နေ့က နအဖ ကိုယ်စားလှယ်အဖွဲ့နှင့် **UWSA** ခေါင်းဆောင်များသည် ဝဌာနချုပ် ပန်ဆန်း၌ တွေ့ဆုံခဲ့ရာ **"BGF** ရာနှုန်းပြည့်လက်ခံရမည်ဖြစ်ကြောင်း တဘက်သတ်ပြောဆိုတော့ ကျနော်တို့တောင်းဆိုချက်ကို လုံးဝပယ်ချတဲ့သဘော" ဟု အမည်မဖော်လိုသည့် ဝ တပ်မှူးတစ်ဦးက ပြောသည်။ **(S.H.A.N 100410)** **Read More...**
- ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** ကို နယ်ခြားစောင့်တပ်ဖွဲ့ အသွင်ပြောင်းရေးကိစ္စလက်ခံလာအောင် စည်းရုံးပေးရန်အတွက် ကချင်ဘာသာရေးခေါင်းဆောင်များအား မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်စိုးဝင်းက ဖိအားပေးပြောဆိုနေသည်။ **(RFA 100410)** **Read More...**

### (ခ) နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့်အဖွဲ့များ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲဖွဲ့စည်းခြင်းကို လက်ခံလိုက်သည့် **NDA-K** ထိန်းချုပ်နယ်မြေကျေးရွာများနှင့် အစိုးရ တပ်ထိန်းချုပ်ထားသည့် ကျေးရွာများတွင် ဘိန်းဖြူသုံးစွဲသူလူငယ်များ ပိုမိုများပြားလာကြောင်း ဒေသခံများ ကပြောသည်။ **(NEJ 050410) Read More...**
- မတ်လ ၃၀ ရက်နေ့က လားဟူပြည်သူ့စစ်အဖွဲ့အား နယ်ခြားစောင့်တပ်ရင်း (အမှတ် ၁၀၀၇) အဖြစ် စရဖ အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့်ကိုယ်တိုင် ရားထူးနှင့်တကွ တာဝန်ဝတ္တရား အပ်နှင်းပြီးနောက်ပိုင်း တောင်းပိုင်း ဝ ဌာနချုပ်အနီး၌ တပ်စခန်း သစ်တိုးချဲ့ တည်ဆောက်နေသည်ဟု ဒေသခံလားဟူတစ်ဦးက ပြောသည်။ **(S.H.A.N 060410) Read More...**

နိုင်ငံတကာဆောင်ရွက်မှုများ

(က) အစိုးရများ

- အမေရိကန်နှင့် မြန်မာစစ်အစိုးရအကြား နှောင့်နှေးနေသော ဆွေးနွေးပွဲနိုင်ငံရေး မူဝါဒကိုပြန်လည်၍ အားဖြည့်ရန် အမေရိကန်အဆင့်မြင့် သံတမန်တစ်ဦး မြန်မာနိုင်ငံသို့ မကြာမည်လာရောက်မည်ဟု မျှော်လင့်ကြောင်း နေပြည်တော်ရှိ အစိုးရအရာရှိများက ဆိုသည်။ **(Mizzima 050410) Read More...**
- နှစ်ပေါင်း ၂၀ အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်မည့် ရွေးကောက်ပွဲကို လွတ်လပ်မျှတအောင် အသေအချာ လုပ်ရန် ဗီယက်နမ်ဝန်ကြီးချုပ် **Nguyan Tan Dung** က မြန်မာစစ်အစိုးရကို တိုက်တွန်းပြောကြားလိုက်သည်။ **(VOA 050410) Read More...**
- မြန်မာ့ရွေးကောက်ပွဲဥပဒေသည် တရားမျှတမှုမရှိသောကြောင့် ဂျပန်အစိုးရက ပြစ်တင်ရှုတ်ချလိုက်သည်။ **(VOA 060410) Read More...**
- လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများလုပ်ရန် တောင်းဆိုမှုကို လျစ်လျူရှုလိုက်သဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများလုပ်ရန်နှင့် အဖွဲ့မှထုတ်ပယ်ရန် အာဆီယံထိပ်သီး အစည်းအဝေးမတိုင်မီ အာဆီယံ လွှတ်တော်အမတ် ၁၀၀ ကျော်က တောင်းဆိုလိုက်သည်။ **(Mizzima 070410) Read More...**
- ရန်ကုန် အမေရိကန်သံအမတ်ကြီးနှင့်လက်ထောက်သံအရာရှိတစ်ဦးသည် ယမန်နေ့က အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးချုပ်သို့လာရောက်ကာ ၎င်းတို့အစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားသည့်သဘောထားများကို ရှင်းလင်းပြော ပြခဲ့ပြီး အဖွဲ့ချုပ်၏အခြေအနေများကို မေးမြန်းခဲ့ကြောင်း ပါတီ ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(DVB 070410) Read More...**
- ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ယနေ့ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံထိပ်သီး ဆွေးနွေးပွဲသို့တက်ရောက် နေသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာ့ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြ ကြောင်း **AFP** သတင်းဌာနကဖော်ပြထားသည်။ **(NEJ 080410) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားများကို သိနိုင်ရန်အတွက် ဩစတြေးလျ အမျိုးသမီးသံအမတ်တစ်ဦးက လာရောက်မေးမြန်းခဲ့ကြောင်း တွေ့ဆုံခဲ့သူ ပါတီ ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(DVB 080410) Read More...**
- နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် **Gry Larsen** သည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေနှင့် လူသားချင်းစာနာသည့် အကူအညီများပေးရေးအတွက် လေ့လာရန် ယခုလ ၆ ရက်နေ့မှစ၍ ၁၀ ရက်နေ့ အထိ မြန်မာနိုင်ငံကို ရောက်ရှိနေကြောင်း နော်ဝေနိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။ **(DVB 080410) Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ ကင်တားနား၏ မတ်လ ၅ ရက်နေ့တွင် အဆိုတင်သွင်းသော မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ဖွဲ့ စည်းရန်အဆိုကို ချက်သမ္မတနိုင်ငံက ထောက်ခံလိုက်သည်။ **(BBC 090410) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲတွင် မဲဆန္ဒပေးချင်သည့် ပြည်သူများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** မှ ရွေးကောက် ပွဲမဝင်သောကြောင့် မည်သို့မည်ပုံမဲပေးရမည်ကို စိုးရိမ်နေကြကြောင်း နော်ဝေနိုင်ငံ ဒု–နိုင်ငံခြားရေးဝန်ကြီးက အဖွဲ့ချုပ် ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် မေးခွန်းထုတ်ခဲ့သည်။ **(RFA 090410)** Read More...
- မြန်မာ့ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ အားလုံးပါဝင်နိုင်သည့် ရွေးကောက်ပွဲဖြစ်အောင် ပြုလုပ်ပေးရန် မြန်မာစစ်အစိုးရကို အာဆီယံခေါင်းဆောင်များက တောင်းဆိုလိုက်သည်။ **(RFA 090410)** Read More...

- မြန်မာစစ်အစိုးရအပေါ် မူဝါဒများ ပြောင်းလဲကျင့်သုံးရန် ရည်ရွယ်ထားသည့် အမေရိကန်အစိုးရက မြန်မာစစ်အစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ လုပ်သွားမည်ဖြစ်သော်လည်း သိသာသည့်အပြောင်းအလဲများကို မြင်တွေ့လိုကြောင်း အမေရိကန်နိုင်ငံခြား ရေးဌာနပြောခွင့်ရပုဂ္ဂိုလ် **P J Crowley** က ပြောဆိုလိုက်သည်။ **(VOA 090410)** Read More...

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်မှုများသည် တုန်လှုပ်စရာကောင်းအောင် ဆိုးဝါးနေပြီး အာဆီယံ ပဋိဉာဉ်စာချုပ်ပါအချက်အလက်များကိုပါ ချိုးဖောက်ရာရောက်နေသည့်အပေါ် အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံ)၏ ၁၆ ကြိမ်မြောက်ထိပ်သီးညီလာခံတွင် အဓိကထည့်သွင်းဆွေးနွေးသင့်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ **(AI)** က တောင်းဆိုလိုက်သည်။ **(RFA 080410)** Read More...
- ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် အာဆီယံထိပ်သီးညီလာခံတွင် မြန်မာနိုင်ငံ၌ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲ ကျင်းပပေးရန်အတွက် အာဆီယံခေါင်းဆောင်များအနေဖြင့် ဝိုင်းဝန်းတိုက်တွန်းပေးရန်နှင့် အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ဆော်ဩပေးရန် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့များက တောင်းဆိုလိုက်သည်။ **(VOA 080410)** Read More...

## အခြားအင်အားစုများ

### (က) အခြားနိုင်ငံရေးအင်အားစုများ

- ရန်ကုန်အခြေစိုက် မြန်မာအီးဂရက်စ် **(Myanmar EGrass)** ကျောင်းသားဟောင်းများအနေဖြင့် နိုင်ငံရေးပါတီ မှတ်ပုံတင်၍ လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းအဖွဲ့၏ ဥက္ကဌ ဒေါက်တာ တင်မောင်သန်း က ပြောကြားလိုက်သည်။ **(DVB 040410)** Read More...
- နိုင်ငံရေးလောကတွင် နှစ်ပေါင်းများစွာ ပျောက်ကွယ်ခဲ့သည့် အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်း သခင်စိုး၏ မျိုးဆက်များက နအဖ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည်။ **(DVB 040410)** Read More...
- ကြံ့ဖွံ့နှင့် ခေတ်သစ်ပြည်သူ့ပါတီတို့ အလွန်သင့်မြတ်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဌဖြစ်သူ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အတူ လူမှုရေးလုပ်ငန်းများတွင် ပါဝင်နေသဖြင့် ကြံ့ဖွံ့ထံမှငွေကြေး အကူအညီရယူနေသည်ဟု ပြောဆိုချက်များအပေါ် ခေတ်သစ်ပြည်သူ့ပါတီမှ ငြင်းဆိုလိုက်သည်။ **(Mizzima 100410)** Read More...
- ယခုနှစ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီပေါင်း ၁၉ ပါတီ မှတ်ပုံတင်ပြီးပြီဖြစ်ကြောင်း ယမန်နေ့ထုတ် မြန်မာစစ်အစိုးရပိုင် သတင်းဌာနများက ဖော်ပြခဲ့သည်။ **(RFA 100410)** Read More...

### (ခ) တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဒေါက်တာစိုင်းမွန်သာ ဦးစီးသော ကရင်ပြည်သူ့ပါတီ၊ ဒေါက်တာတူးဂျာ ဥက္ကဌအဖြစ် တာဝန်ယူသော ကချင်ပြည်နယ် တိုးတက်ရေးပါတီ၊ ဦးအောင်ခမ်းထီခေါင်းဆောင်သော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် စသည်အဖွဲ့ (၃) ဖွဲ့တို့က ရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားပြီဖြစ်သည်။ **(NEJ 070410)** Read More...
- စစ်အစိုးရပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေးနှင့်ပတ်သက်၍ ရခိုင်တိုင်းလုံးဆိုင်ရာညီညွတ်ရေးပါတီ (ရတည) က စစ်တွေမြို့တွင် ယမန်နေ့က အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း နိုင်ငံရေးစိတ်ဝင်စားသည့် ဒေသခံတစ် ဦးကပြောသည်။ **(DVB 060410)** Read More...
- ယခုနှစ်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ယခုလ (၇) ရက်နေ့က မော်လမြိုင်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မကြာမီ နိုင်ငံရေးမှတ်ပုံတင်တော့မည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်တစ်ဦးက ပြောသည်။ **(Kaowao 090410)** Read More...
- ချင်းအမျိုးသားပါတီ **Chin National Party (CNP)** ဟု အမည်ပေးထားသည့် ချင်းနိုင်ငံရေးပါတီကို ဧပြီလ ၇ ရက်နေ့က စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်တွင် မှတ်ပုံတင်လိုက်ပြီဖြစ်ကြောင်း ယနေ့ထုန်မြန်မာ့အလင်းသတင်းစာတွေဖော်ပြထားသည်။ **( Khonumthung News Group 090410)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** မပါဝင်ပါက မဲပေး၊ မပေးကို ရန်ကုန်မြို့ရှိလူ ၅၀၀ ကျော်အား မေးမြန်းခဲ့ရာ ၂၅၀ ကျော်က မဲမပေးလိုဟု ပြောဆိုကြသည်။ **(Irrawaddy 050410)** Read More...
- စစ်လက်နက်ပစ္စည်းများ တင်ဆောင်လာသည့် စစ်ကား အစီး (၁၀၀) ခန့်သည် ကချင်ပြည်နယ်ဗန်းမော်မြို့မှတဆင့် မြစ်ကြီးနားသို့ ဦးတည်သွားသည့်အပေါ် တရုတ်–မြန်မာနယ်စပ် စစ်အရေးအကဲခတ်သူတစ်ဦးက နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် စစ်ရေးအရ ဟန်ပြခြိမ်းခြောက်ခြင်းမျိုးဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားလိုက်သည်။ **(NEJ 050410)** Read More...
- ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုံ ၁ ရှိ အီးအိုင်ဝမ်း အီလက်ထရောနစ်စက်ရုံမှ အလုပ်သမား ၂၀၀ ကျော်သည် သင်္ကြန်တွင်းကာလအတွက် လုပ်အားခဆု ဘောနပ်ကြေးများ ရလိုသဖြင့် ယနေ့နံနက်ပိုင်းက အလုပ်မဆင်းဘဲ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ **(RFA 090410)** Read More...
- နယ်ခြားစောင့်တပ်အသွင်လက်မခံသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** နှင့် နအဖအကြားတိုက်ပွဲဖြစ်မည်ကို ပြည်သူများက စိုးရိမ်နေကြသည်။ **(DVB 070410)** Read More...

## မီဒီယာများ

- စစ်အစိုးရသည် ယခုနှစ်အတွင်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကြေညာထားသော်လည်း နိုင်ငံရေးဆိုင်ရာ အရေးအသားများကို တင်းတင်းကျပ်ကျပ်စီစစ်ဖြတ်တောက်နေဆဲဖြစ်ကြောင်း ပြည်တွင်းသတင်းဂျာနယ် အယ်ဒီတာများကပြောသည်။ **(NEJ 060410)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ရွေးကောက်ပွဲ မဝင်ရေးဆိုင်ရာ သဘောထားရပ်တည်ချက်များကို ပြည်တွင်းထုတ်ဂျာနယ်များတွေ စာပေစီစစ်ရေးက ဖော်ပြခွင့်မပြုကြောင်း ပြည်တွင်းအယ်ဒီတာတစ်ဦးက ပြောသည်။ **(RFA 080410)** Read More...

***End of report/ Saturday, April 10, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***